## အခွန်ပြန်အမ်းငွေ (Tax Refund)






❖ အခွန်ထမ်းက ပေးဆောင်ထားသောအခွန်သည် အမှန်ပေးဆောင်ရမည့် အခွန်ထက်ပိုမိုနေလျှင် ပြန်အမ်းငွေ ပေါ်ပေါက်ပါသည်။

## ပြန်အမ်းငွေပေါ်ပေါက်သည့်အခြေအနေများ




(၁) ဝင်ငွေနှစ်အတွင်း အခွန်ထမ်းက ပေးဆောင်ခဲ့သည့် ကြိုတင်ဝင်ငွေခွန်၊ Withholding Tax တို့သည် စည်းကြပ်မှုအရ ကျသင့်ဝင်ငွေခွန်ထက် ပိုမိုနေပါလျှင် ပြန်အမ်းငွေ ပေါ်ပေါက်ပါသည်။

(၂) အခွန်ဥပဒေ၊ အခြားတည်ဆဲဥပဒေနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်၍ အခွန်ကင်းလွတ်ခွင့် ပြုထားသည့် ကိစ္စရပ်များအတွက် အခွန်ပေးသွင်းခဲ့ပါလျှင် ပြန်အမ်းငွေ ပေါ်ပေါက်ပါသည်။ ဥပမာ-

- နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိသည့် ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ခြင်း၊
- အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုထားသည့် Grant Aid စီမံကိန်းလုပ်ငန်းများအတွက် Main Contractor က တင်သွင်းသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနတွင် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်များ ပေးဆောင်ခဲ့ခြင်း၊
- ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ လုပ်ငန်းစတင်လုပ်ကိုင်သည့် SME လုပ်ငန်းများကို လုပ်ငန်းစတင်သည့်နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ်စုစုပေါင်းအသားတင် အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိပါလျက် ယင်းနှစ်များအတွက် ဝင်ငွေကျပ်သိန်း ၁၀၀ မကျော်ဘဲ ဝင်ငွေခွန်ပေးဆောင်ခဲ့ခြင်း၊
- MIC Law အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် ရရှိထားသည့် ကာလအတွက် ဝင်ငွေခွန်ပေးဆောင်ခဲ့ခြင်း၊
- အထူးကုန်စည်ခွန် မကျသင့်သည့်ကုန်စည်များအတွက် အထူးကုန်စည်ခွန် ပေးဆောင်ခဲ့ခြင်း၊




(၃) အယူခံမှု၊ ပြင်ဆင်မှု သို့မဟုတ် လွှဲအပ်မှုအရ ပြန်လည်စည်းကြပ်ရာ တွင် ကျသင့်အခွန်သည် မူလစည်းကြပ်မှုအရ ပေးသွင်းခဲ့သည့် အခွန်အောက် လျော့နည်းနေပါလျှင် ပြန်အမ်းငွေ ပေါ်ပေါက်ပါသည်။

(၄) ပြည်ပတင်ပို့ခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ယင်းကုန်စည်ကို ဝယ်ယူစဉ်(သို့မဟုတ်) ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းလျှင်လည်း ပြန်အမ်းငွေ ပေါ်ပေါက်နိုင်ပါသည်။ (ကိုယ်တိုင်သုံးစွဲရန် ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်ပါ)

## ပြန်အမ်းငွေပေါ်ပေါက်ကြောင်းအကြောင်းကြားခြင်း

❖ အခွန်ထမ်းကအထောက်အထားဖြင့်တင်ပြလျှင်၊

❖ အကောက်ခွန်ဦးစီးဌာနကအကြောင်းကြားလျှင်၊

❖ စည်းကြပ်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူး (သို့မဟုတ်) တာဝန်ခံအရာရှိက စိစစ်တွေ့ရှိလျှင်၊

ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူး (သို့မဟုတ်) တာဝန်ခံအရာရှိက ပြန်အမ်းငွေ ပေါ်ပေါက်ကြောင်းအခွန်ထမ်းထံသို့ အကြောင်းကြားမည် ဖြစ်ပါသည်။

## ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍

❖ အခွန်ထမ်းအနေဖြင့်-

(၁) ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိလျှင် မိမိလစဉ် ပေးဆောင်ရန်ရှိသည့် ကျသင့်သောအခွန်ငွေမှ ရရန်ရှိသော ပြန်အမ်းငွေကို ခုနှိမ်ပြီး လိုငွေကိုသာ ပေးသွင်းရပါမည်။

(၂) တစ်ကြိမ်တည်းဖြင့် ခုနှိမ်နိုင်ခြင်းမရှိပါက ကျန်ပြန်အမ်းငွေကို နောက်လများတွင် ပေးဆောင်ရန်ရှိသည့် ကျသင့်သောအခွန်များတွင် ဆက်လက်ခုနှိမ်ခွင့်ပြုပါသည်။

(၃) အခွန်ထမ်းက သုံးလတစ်ကြိမ်ကြေညာလွှာတွင် ခုနှိမ်ပေးသွင်းမှုကို ဖော်ပြပေးရပါမည်။

(၄) လစဉ်ပေးသွင်းရမည့် အခွန်တွင် ခုနှိမ်နိုင်ခဲ့ခြင်းမရှိက သက်ဆိုင်ရာ အပြီးသတ်စည်းကြပ်မှုအရ ကျသင့်အခွန်တွင် ကြိုတင်ခွန်အဖြစ် ခုနှိမ်ပေးမည် ဖြစ်ပါသည်။

(၅) အပြီးသတ်စည်းကြပ်မှုအရ ကျသင့်အခွန်တွင် ပြန်အမ်းငွေကို ကြိုတင်ခွန်အဖြစ် ကုန်စင်အောင် ခုနှိမ်နိုင်ခြင်းမရှိပါက ဝင်ငွေခွန်တွက်ချက်ရာတွင် အသုံးစရိတ်အဖြစ် ခွင့်ပြုပေးမည် ဖြစ်ပါသည်။

(၆) အခွန်ထမ်းသည်ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာ ပေးပို့သည့်နှစ်အတွင်း အခွန်ဆက်လက် ပေးဆောင်ရန်မရှိလျှင် ပြန်အမ်းငွေ ထုတ်ပေးပါမည်။

## ဝင်ငွေခွန် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍





❖ အခွန်ထမ်းအနေဖြင့်-

(၁) ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်စည်းကြပ်မှု တစ်ရပ်ရပ်အရ ပေးဆောင်ရမည့် အခွန်ငွေတွင် ခုနှိမ်ပေးရန် (သို့မဟုတ်) လက်ရှိဝင်ငွေနှစ်အတွက် ကြိုတင်ပေးသွင်းရမည့် ဝင်ငွေခွန်အဖြစ် သတ်မှတ်ပေးရန် တင်ပြပါ က ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(၂) ပြန်အမ်းငွေကို တစ်နှစ်တည်းဖြင့် ခုနှိမ်နိုင်ခြင်းမရှိလျှင် နောင်လာမည့်နှစ်များအတွက် ကျသင့်အခွန်များမှ ဆက်လက် ခုနှိမ်ပေးမည် ဖြစ်ပါသည်။

(၃) အခွန်ထမ်းသည် အကြောင်းကြားစာပေးပို့သည့်နှစ် (သို့မဟုတ်) နောင်လာမည့်နှစ်များတွင် အခွန်ဆက်လက်ပေးဆောင်ရန် မရှိလျှင် ပြန်အမ်းငွေ ထုတ်ပေးမည်ဖြစ်ပါသည်။

## အထူးကုန်စည်ခွန် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍



❖ အခွန်ထမ်းအနေဖြင့်-

(၁) ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိလျှင် မိမိလစဉ်ပေးဆောင်ရန်ရှိသည့် ကျသင့်သောအခွန်ငွေမှ ရရန်ရှိသော ပြန်အမ်းငွေကို ခုနှိမ်ပြီး လိုငွေကိုသာ ပေးသွင်းရပါမည်။

(၂) ပြန်အမ်းငွေပမာဏသည် သက်ဆိုင်ရာလအတွက် ကျသင့်သည့် အခွန်ပမာဏထက်ပိုမိုနေလျှင် ခုနှိမ်ရန်ကျန်သည့် အခွန်ငွေကို ကျန်လများတွင် ဆက်လက်ခုနှိမ်ခွင့်ပြုပါသည်။

(၃) အခွန်ထမ်းက သုံးလတစ်ကြိမ်ကြေညာလွှာတွင် ခုနှိမ်သည့် ငွေပမာဏကို ဖော်ပြပေးရပါမည်။

(၄) လစဉ်ပေးသွင်းရမည့်အခွန်တွင် ခုနှိမ်နိုင်ခြင်း မရှိပါက အပြီးသတ်စည်းကြပ်မှုအရ ဝင်ငွေခွန်တွက်ချက်ရာတွင် အသုံးစရိတ်အဖြစ် ခွင့်ပြုပေးမည်ဖြစ်ပါသည်။

(၅) အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နှစ်အတွင်း အခွန်ဆက်လက်ပေးဆောင်ရန် မရှိလျှင် ပြန်အမ်းငွေ ထုတ်ပေးပါမည်။




## အချိန်ကာလသတ်မှတ်ချက်

❖ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်းသာပြန်အမ်းငွေ တောင်းပိုင်ခွင့် ရှိပါသည်။

## ပြန်အမ်းခြင်း

အခွန်ထမ်းက ပိုမိုပေးသွင်းခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်တို့ကို ပြန်အမ်းသည့်အခါ-

❖ ပေးသွင်းငွေသည် ကျပ်ငွေဖြစ်ပါက ကျပ်ငွေဖြင့်ပြန်အမ်းပေးမည် ဖြစ်ပါသည်။

❖ ပေးသွင်းငွေသည် နိုင်ငံခြားငွေအမျိုးအစားဖြစ်ပါက ပေးသွင်းသော နိုင်ငံခြားငွေ အမျိုးအစား ဖြင့်ဖြစ်စေ၊ ပြန်အမ်းငွေထုတ်ပေးသည့်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် နိုင်ငံခြားငွေ လဲလှယ်နှုန်းဖြင့် တန်ဖိုးဖလှယ်၍ရရှိသော ကျပ်ငွေဖြင့်ဖြစ်စေ ပြန်အမ်းပေးမည် ဖြစ်ပါသည်။


အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ပေးဆောင်ရာတွင် စည်းကြပ်မှုအရ ကျသင့်အခွန်ငွေထက် ပိုမို၍ပေးဆောင်ခဲ့မှုများ ရှိနိုင်ပါသည်။ ပိုမိုပေးဆောင်ခဲ့သော အခွန်ငွေများနှင့်စပ်လျဉ်း၍ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် အခွန်ထမ်းများအနေဖြင့် အခွန်ဆိုင်ရာအခွင့်အရေးဖြစ်သော ပြန်အမ်းငွေအား ခံစားရရှိစေရန် သတ်မှတ်ချက်များနှင့် ကိုက်ညီပါ က ထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့(ရုံးချုပ်)၊နေပြည်တော်ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန ၏ Website ဖြစ်သော www.irdmyanmar.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီးလိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ သိကောင်းစရာများ




Internal Revenue Department
Office Building No.(46), Nay Pyi Taw
https://www.irdmyanmar.gov.mm